# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ၂၇ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၀–၇–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ်၊ ဝေဘူလလမ်း ဖောက်လုပ်ရန် ပြည်ထောင်စုမှ ချမှတ်ပေးသည့် ဘတ်ဂျက်ကို ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် အခြားမြို့နယ်သို့ ပြောင်းလဲ ချမှတ်ခဲ့ခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်၊ ဘာလားချောင်း တစ်လျှောက် သောင်များဖြစ်နေသော နေရာများအား ပြန်လည်တူးဖော်ရန်နှင့် ကျူးကျော်၍ ငါးကန်များ တူးထားခြင်းအား ဖယ်ရှားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘဌေး၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လေးမျက်နှာ– ခမောက်ဆု လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ပြည်နယ်/ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများအတွက် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းခန့်ထားရန် နှင့် မြို့နယ်အဆင့် ရုံးများတွင် ရှိသင့်သည့် စက်ယန္တရားများကို ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **" အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်က **"ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး၏ ကချင်ပြည်နယ်လမ်းပိုင်းအား စံချိန်စံညွှန်း ကိုက်ညီပြီး ရေရှည်ခိုင်ခံ့ကောင်းမွန်သော ကတ္တရာလမ်းအဖြစ် အမြန်ဆုံး တည်ဆောက် ပေးရေးနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ခွဲဝေပေးမှုအတိုင်း လမ်းတည်ဆောက် ထားရှိမှု ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးပေးပါရန် နိုင်ငံတော် အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။